## ၈။ ငမြောင်တောင်

**Taro Caterpillar/Armyworm : *Spodoptera Litura* (Fabricius, 1775)**

**Lepidoptera: Noctuidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





လောက်ကောင်အငယ်သည် အစိမ်းရောင်ရှိပြီး နောက်ပိုင်းတွင်အညိုရောင်သို့ ပြောင်းသွားပြီး ဦးခေါင်းပိုင်းမှာ အမဲရောင်ရှိသည်။ ခန္ဓာကိုယ်ဘေးဘက်တွင် အစင်းတန်း (၃) ခုပါပြီး အပေါ်တွင် အနက်စက်များတွေ့ရသည်။ အကောင်ကြီးသည် မီးခိုးရောင်ဖြစ်ပြီး ရှေ့အတောင်တွင် အနက်စင်းများပါရှိပြီး ထင်ရှားသော အနက်စက်ပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



လောက်ကောင်ပေါက်ကာစတွင် အစိမ်းရောင်အသားကို ခြစ်စားသဖြင့် အစိမ်းရောင် ပျောက်နေသော အရွက်များတွေ့နိုင်သည်။ လောက်ကောင်ကြီးများကို အရွက်များ အပင်၏ အစိတ်အပိုင်းများကို ကိုက်ခြစ်စားသောက်ခြင်းကြောင့် အရွက်များပြတ်ခြင်း၊ ပဲ့ခြင်း၊ ပေါက်ခြင်း၊ အပင်ငုတ်တိုဖြစ်နေခြင်းများကို တွေ့ရသည်။

**ဘဝစက်ဝန်း**

| | | |
|---|---|---|
| ဥ | အဆင့် | **– (၃–၅ )** ရက် |
| လောက်ကောင် အဆင့် | | **– (** ၁၅–၃၀ **)** ရက် |
| ရုပ်ဖုံး | အဆင့် | **– (၇–၁၅)** ရက် |
| အကောင်ကြီး အဆင့် | | **– (၅–၁၀)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပေါင်းမြက်များအားရှင်းလင်း၍ ပင်ကြွင်းပင်ကျန်များအား မီးရှို့ပါ။

(၂)မြေပြင်ချိန်တွင် ခိုအောင်းနေသော ရုပ်ဖုံးများ၊ လောက်ကောင်များအား နှိမ်နင်းရန် ထယ်ထိုးထွန်မွှေပါ။

(၃)အလင်းရောင်ထောင်ချောက်ထွန်း၍အကောင်ကြီးများအားဖမ်းယူပါ။

(၄)ဘဲလွှတ်ကျောင်းပါ။

(၅)လိုအပ်ပါက ထိသေစားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ပိုးသတ်ဆေးဘူး၊ အိတ်ပေါ်ပါ အညွှန်း အတိုင်းပက်ဖျန်းပါ။

- ဆိုင်ပါမီသရင် (Cypermethrin)
- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda–Cyhalothrin)
- ဖလူဗန်ဒိုင်ရာမိုက် (Flubendiamide)